# <u>ထုတ်ပြန်ချက် - နာဂရှာပြည် မြေယာနှင့် သစ်တော စီမံခန့်ခွဲမှု</u>

<u>ဌာနေတိုင်းရင်းသားများဆိုင်ရာ သဘာဝသယံဇာတအခွင့်ရေး ကာကွယ်ရေးအဖွဲ့</u>

၂၇၊ ဖေဖော်ဝါရီ၊ ၂၀၁၉။

***နာဂလူမျိုးများအနေနှင့် ရှေးယခင်ကပင် ပိုင်ဆိုင်လာခဲ့သည့် မြေယာများ၊ နယ်မြေများနှင့် သဘာဝသယံဇာတများကို ပိုင်ဆိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စီမံခန့်ခွဲခွင့်တို့ပါဝင်သည့် နာဂလူမျိုးတို့၏ ဓလေ့ထုံးတမ်း စနစ်ကို လေးစားအသိမှတ်ပေးပါရန် ဌာနေနာဂလူမျိုးများအနေနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအား တိုက်တွန်းအကြံပြုပါသည်။***

နာဂတောင်တန်းဒေသသည် မြန်မာနိုင်ငံအနောက်မြောက်ဒေသနှင့် အိန္ဒိယနိုင်ငံအရှေ့မြောက်ဒေသတို့တွင် တည်ရှိပါသည်။ နာဂလူမျိုးများသည် သမိုင်းကြောင်း၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအရ မိမိတို့မြေယာနှင့် နယ်မြေများအပေါ်တွင် အလွန်တွယ်တာကြပြီး မိမိတို့၏ မြေယာကို ရိုးရာဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲမှုစနစ်ဖြင့် စီမံလျှက်ရှိသည်။ ရိုးရာဓလေ့ထုံးတမ်း မြေယာစီမံမှုစနစ်တွင် ဒေသခံများအနေနှင့် ၎င်းတို့၏ မြေယာနှင့် သဘာဝအရင်းအမြစ်များအား စီမံခန့်ခွဲသည့်စနစ်များ သတ်မှတ်ပေးထားပြီး စီမံခန့်ခွဲရေးစည်းမျဉ်းစည်းကမ်းများကိုပါ ချမှတ်ပေးထားသည်။

နာဂလူမျိုးများ၏ ဓလေ့ထုံးတမ်းစနစ်သည် ပုံသေကားချပ်မဟုတ်ဘဲ ကျယ်ပြန့်နက်နဲကာ ဘိုးဘွားတို့၏ သမိုင်းနောက်ခံနှင့် ဆက်နွယ်လျက်ရှိပြီး မျိုးဆက်ပေါင်းများစွာ လက်ဆင့်ကမ်း ကျင့်သုံးလာခဲ့ကြပါသည်။ ယင်းစနစ်တွင် မြေယာများ၊ သဘာဝသယံဇာတများနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများချမှတ်သည့် အဖွဲ့များ၊ ပဋိပက္ခများကို ဖြေရှင်းသည့် တရားစီရင်ရေးအဖွဲ့များ၊ ဌာနေဒေသခံများ၏ စားဝတ်နေရေးဖူလုံစေရန်နှင့် ယဉ်ကျေးမှုတို့အတွက် ရေရှည်တည်တံ့စေရန် အဖိုးတန် သဘာဝ အရင်းမြစ်များကို ထိန်းသိမ်း သည့် ကဏ္ဍများလည်း ပါဝင်ပါသည်။ ယဉ်ကျေးမှုနှင့် ကိုးကွယ်ယုံကြည်မှုများကိုလည်း ဓလေ့ထုံးတမ်း စနစ်များဖြင့် ဖော်ထုတ်ကြပြီး ရိုးရာကျင့်ထုံးများမှာလည်း မြေယာတောတောင်များနှင့် ၎င်းတို့ကို အစိုးပိုင်သည့် ဘိုးဘွားဝိဉာဉ်များနှင့် ဆက်နွယ်ဖြစ်တည်လျက်ရှိပါသည်။

***”သစ်တောနှင့် သဘာဝပတ်ကျင်တွေကြော်နော်တို့နဲ့ အတူ ရာစုနှစ်ပေါင်းများစွာကတည်းက ယနေ့အချိန်ထိ ရှိနေခြင်းဟာ ကျနော်တို့ဆီမှာ အဲသည်သဘာဝအရင်းမြစ်တွေကို စီမံခန့်ခွဲနိုင်တဲ့ စနစ်တွေရှိတယ်ဆိုတဲ့ သက်သေတစ်ခုပါပဲ။ သစ်တောတွေ ယနေ့အချိန်ထိ တည်ရှိနေတဲ့အတွက် နာဂတွေရဲ့ ဓလေ့ထုံးတမ်းစနစ်ကို ကျေးဇူးတင်ပါတယ်”*** ဆွေးနွေးမှုရာ ဒေသခံတစ်ဦး။

မြေယာနှင့် သစ်တောသယံဇာတအရင်းမြစ်များအား စီမံခန့်ခွဲသည့် ဓလေ့ထုံးတမ်းစနစ်ကြောင့် မိမိတို့ နာဂဒေသသည် ကမ္ဘာပေါ်တွင် ဇီဝမျိုးစုံမျိုးကွဲများ အပေါများဆုံးပေါက်ရောက်ရှင်သန်ရာ ဒေသတစ်ခုအဖြစ် မြင်တွေ့ရမည်ဖြစ်ပါသည်။ မြေမျက်နှာသွင်ပြင်အရဆိုသော် မြေပြန့်ဒေသ၊

အမြဲစိမ်း မိုးသစ်တော၊ အအေးပိုင်းသစ်တောများနှင့် ရေခဲဒေသများပါဝင်သည့်အတွက် သဘာဝ ဇီဝမျိုးကွဲများနှင့် ဘေးဒဏ်သင့်စာရင်းဝင် တောရိုင်းတိရစ္ဆာန်များလည်း တွေ့ရမည်ဖြစ်ပါသည်။

*"ကျနော်တို့ဆီမှာ မြေလွတ်၊မြေလပ်၊မြေရိုင်းဆိုတာ မရှိပါဘူး။ ကျနော်တို့ရဲ့ မြေအားလုံးကို ကျနော်တို့က မှီခိုအသုံးပြုနေတာပါ"* ဆွမ္မရာ ရပ်မိရပ်ဖတစ်ဦး။

ဓလေ့ထုံးတမ်းစနစ်သည် သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံ ဌာနေနာဂလူမျိုးများ၏ စားဝတ်နေမှု လိုအပ်ချက်များကို ကာကွယ် ဖြည့်ဆည်းပေးနေသည့် အလွန်ကြီးမားသည့် တန်ဖိုးများရှိလင့်ကစား လက်ရှိ ဥပဒေမူဘောင်များတွင် ရှေးရခင်ဘိုးဘွားတို့မှသည် ယနေ့တိုင်ကျင့်သုံးနေသည့် နာဂ လူမျိုးတို့၏ ဓလေ့ထုံးတမ်းစနစ်အား အသိမှတ်ပြုထားခြင်းမရှိခြင်းသည် ဒေသခံများ၏ လူမှုဘဝ ထိခိုက်နစ်နာမှုများနှင့်သဘာဝအရင်းမြစ်ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ ယင်းနယ်မြေ နှင့် မြေယာများတွင် မြေလွတ်၊မြေလပ်မြေရိုင်းဟူ၍မရှိပါ။ သို့သော် ၂၀၁၈ မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဥပဒေဆိုင်ရာ ပြင်ဆင်ပြဌာန်းချက်အရ ဒေသခံများအနေနှင့် မတ်လ ၁၁ ရက် နောက်ပိုင်း မိမိတို့၏ ဓလေ့ထုံးတမ်းမြေယာများတွင် အလိုလျောက် ကျူးကျော်ဝင်ရောက် သူများအဖြင့် သတ်မှတ်ခံရမှာဖြစ်ပါသည်။

ဓလေ့ထုံးတမ်းစနစ်အား အသိမှတ်ပြုခြင်းဆိုသည်မှာ ဌာနေတိုင်းရင်းသားလူမျိုးများနှင့် သစ်တော မှီခိုသော လူမျိုးများ၏ စားဝတ်နေရေးနှင့် ယဉ်ကျေးမှုတို့အတွက် အရေးကြီးသည် သာမက သဘာဝ ပတ်ဝန်းကျင်အားကာကွယ်ခြင်းနှင့် မြန်မာနိုင်ငံတွင်း ရေရှည်တည်တံ့ကာ မျှတသော ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အရေးကြီးသော အခြေခံအုတ်မြစ်တစ်ခုဖြစ်ပါသည်။

*"ဤမြေကိုကျွန်ုပ်တို့ပိုင်ပြီး၊ မြေယာနှင့် သစ်တောများကို စီမံခန့်ခွဲရန် ကျွန်ုပ်တို့တွင် စနစ်ကောင်းရှိသည်။ ကျွန်ုပ်တို့သည်မြေယာကိုပိုင်ဆိုင်ကြသော်လည်း မိမိတို့မြေကို မရှိဆင်းရဲသားများ၊ မြေယာမဲ့များအား မျှဝေအသုံးပြုခွင့်ပေးသည်။ ကျွန်ုပ်တို့၏ စီမံခန့်ခွဲမှုစနစ်သည် အစိုးရအား အကူအညီဖြစ်စေရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ရိုးရာဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲမှုစနစ်ကို မကျင့်သုံးပါက မိမိတို့၏ လူမျိုးရေး ပြယုဒ်နှင့် ဓလေ့ထုံးတမ်းများ ပျောက်ကွယ်သွားမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဥပဒေများကို မှတ်တမ်းတင် ထားရှိခြင်းမရှိပါ။ သို့သော် ထိုဥပဒေများ ဆက်လက်ရှင်သန်ရေး ဆက်လက်ထိန်းသိမ်းလေ့ရှိကြသည်"* ရိုးရာသူကြီး၊ ဆွမ္မရာ။